SHAN
HUMAN RIGHTS FOUNDATION
www.shanhumanrights.org shanhumanrightsfoundation@gmail.com


# ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်မှနောက်ဆုံးရလူ့အခွင့်အရေးချိုးဖေါက်မှုထုတ်ပြန်ချက်

၂၀၂၄ ခုနှစ် အောက်တိုဘာလ ၉ ရက်

## စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် ရှမ်းပြည်မြောက်ပိုင်းအတွင်းရှိတော်လှန်ရေးတပ်ဖွဲ့များ ထိန်းချုပ်ထားသော ဒေသများတွင် အရပ်သားထိခိုက်သေဆုံးမှုမြင့်တက်လာ

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်မှ အောက်တို ဘာလ ၆ ရက်အတွင်း ရှမ်းပြည်မြောက်ပိုင်း သီပေါ၊ ကျောက်မဲ၊ နောင် ချို၊ နမ့်ခမ်း၊ လားရှိုးနှင့် မိုင်းရယ်မြို့တို့တွင် စစ်ကောင်စီ၏ လေ ကြောင်း တိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ် မှုများကြောင့် အရပ်သား ၅၅ ဦး သေဆုံးကာ ၁၃၉ ဦး ဒဏ်ရာရရှိခဲ့ပြီး စာသင်ကျောင်းများ၊ ဘုရားစေတီများ၊ ဟော်တယ်များ၊ တက္ကသိုလ်များ အပါအဝင် အဆောက်အဦး ၄၅၀ကျော်ခန့် ပျက်စီးဆုံးရှုံးခဲ့ရသည်။ စစ်ကောင်စီ၏ ပစ်မှတ်ထားခံနေရသော နယ်မြေများဖြစ်သည့် သီပေါမြို့နှင့် နောင်ချိုမြို့တို့တွင် စစ်ရေးပဋိပက္ခများ ရှိနေသော်လည်း အရပ်သား သေဆုံးမှုနှင့် လူနေအဆောက် အဦးများ ပျက်စီးမှု အများစုမှာ လက်ရှိ တိုက်ပွဲများ မရှိသေးသည့် ခုခံ ထိန်းချုပ်မှုနယ်မြေများရှိ လေကြောင်း တိုက်ခိုက်မှု များကြောင့် ဖြစ်သည်။


၂၀၂၄ ဩဂုတ်လ(၂၆) ရက်မှ အောက်တိုဘာလ (၆) ရက်အထိ ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်း အရပ်သားများကို ထိခိုက်သေဆုံးစေခဲ့သောစစ်ကောင်စီ၏လေကြောင်းတိုက်ခိုက်မှု




## သီပေါမြို့၊ ကျောက်မဲမြို့နှင့်နမ္မတူမြို့များတွင် စစ်ကောင်စီ၏လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီး ပစ်ခတ်မှုများ

လွန်ခဲ့သော ဖပတ်အတွင်း စစ်ကောင်စီတပ်သည် သီပေါမြို့၌ တအာင်း လွတ်မြောက်ရေးတပ်မတော် (TNLA) နှင့် စစ်ကောင်စီအခြေစိုက်စခန်းများကို သိမ်းပိုက်ရန် ကြိုးပမ်းနေသည့် ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များကို လေကြောင်း တိုက်ခိုက်မှုများ အဆက်မပြတ် ပြုလုပ်ခဲ့သည်။ ဩဂုတ်လ ၂၇ ရက်မှ အောက်တိုဘာလ ၆ ရက်နေ့ အထိ ပေါင် ၅၀၀ ဖုံးဖြင့်လေကြောင်းတိုက်ခိုက်မှုများနှင့် ခလရ-၂၃ တပ်မှလက်နက်ကြီးပစ်ခတ်မှု များကြောင့် အရပ်သား ၁၈ဦးသေ ဆုံးကာ ၃၄ ဦးဒဏ်ရာရရှိခဲ့ပြီး သီပေါမြို့နှင့်မြို့အနီးတစ်ပိုက်ရှိ စာသင်ကျောင်း ၃ကျောင်းနှင့်ဆေးရုံအဆောက်အဦးတစ်ခု၊ဘုန်းကြီးကျောင်း ၂ ကျောင်း၊ ဟော်တယ် ၁ ခုအပါအဝင် အဆောက်အအုံ ၁၂၀ ကျော်ပျက် စီးခဲ့သည်။

၂၀၂၄ ဩဂုတ်လ( ၂၆) ရက်မှ အောက်တိုဘာလ (5) ရက်အထိ သီပေါမြို့နယ်၊ကျောက်မဲမြို့နယ် နှင့် နမ္မတူမြို့နယ်အတွင်း အရပ်သားများကိုထိခိုက်သေဆုံးစေခဲ့သော စစ်ကောင်စီ၏လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှု




၂၀၂၄ ဩဂုတ်လ(၂၇) ရက်မှ အောက်တိုဘာလ (၅) ရက်အထိ သီပေါမြို့နယ်အတွင်း အရပ်သားများကို ထိခိုက်သေဆုံးစေခဲ့သော စစ်ကောင်စီ၏လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှု




လေကြောင်းတိုက်ခိုက်မှုသုံးခုသည် တရုတ်ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းနှင့်အလွန်နီးကပ်စွာပစ်မှတ်ထား တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး လက်နက်ကြီး ၅ လုံးမှာ ပိုက်လိုင်းအနီးကျရောက်ခဲ့ရာ တစ်လုံးမှာ ကျောင်းစုကျေးရွာရှိ ပိုက်လိုင်းထိန်းချုပ်ရေးစင်တာနှင့် မီတာ ၁၀၀ အကွာအဝေးတွင် ကျရောက်ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

၂၀၂၄ စက်တင်ဘာလ ၂၃ ရက်နေ့တွင် သီပေါမြို့ရှိပိုက်လိုင်းထိန်းချုပ်ရေးစခန်းအနီးစစ်ကောင်စီမှလက်နက်ကြီးပစ်ခတ်မှု



ဩဂုတ်လ ၂၆ ရက်နေ့နှင့် စက်တင်ဘာလ ၂ ရက်နေ့တို့တွင် စစ်ကောင်စီတပ်သည် ဩဂုတ်လဒုတိယပတ်အတွင်း စစ်ကောင်စီမှဆုတ်ခွာပြီးနောက် မြန်မာအမျိုးသား ဒီမိုကရေစီ မဟာမိတ်တပ်မတော် (MNDAA) တပ်ဖွဲ့ဝင်များ သိမ်းပိုက်ရရှိထားသည့် သီပေါမြို့တောင်ဘက်ရှိ ကီလိုမီတာ ၃၀ အကွာအဝေးတွင် တည်ရှိနေသော နားမခေါ် ကျေးရွာသို့ လေကြောင်း တိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှုများ အဆက်မပြတ် ပြုလုပ်ခဲ့သည်။ အဆိုပါ တိုက်ခိုက်မှုများကြောင့် အရပ်သား သုံးဦးသေဆုံးကာ နှစ်ဦးဒဏ်ရာရရှိခဲ့ပြီး နေအိမ်သုံးလုံး ပျက်စီးခဲ့သည်။

နားမခေါ်ကျေးရွာသို့ကျရောက်သောလက်နက်ကြီးသည် နမ့်လန်မြို့အခြေစိုက် ခလရ ၅၀၆ မှ လာခြင်းဖြစ်ပြီး စစ်ကောင်စီတပ်မှ ဩဂုတ်လနှောင်းပိုင်းမှ စတင်ကာ သီပေါမြို့ သို့ စားသောက်ကုန်နှင့်အခြေခံအသုံးအ ဆောင်များကိုပိတ်ပင်ထားသောနေရာဖြစ်သည်။ထိုသို့ပိတ်ပင်ခြင်းကြောင့် သီပေါမြို့တွင်ကျန်ရစ်ခဲ့သော ဒေသခံများ (ဒေသခံတစ် ဝက်ခန့်သည် တိုက်ပွဲများကြောင့်အနှံ့အပြားပျံ့နှံ့တိမ်းရှောင်နေ)ကိုပိုမိုခက်ခဲစေသည်။

ဩဂုတ်လ၂၇ ရက်နှင့် ၂၉ ရက်တို့တွင် စစ်ကောင်စီမှ မှ TNLAနှင့် ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များ သိမ်းယူခဲ့သော ကျောက်မဲမြို့အား ညအချိန်တွင် လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့သည်။ ပေါင် ၅၀၀ ဗုံး ၁ လုံးပါဝင်သည့် ထိုလေကြောင်းတိုက်ခိုက်မှုကြောင့်အရပ်သားတစ်ဦးသေဆုံးကာ နှစ်ဦးဒဏ်ရာရရှိခဲ့ပြီး အ.ထ.က (၂) အပါအဝင် အဆောက် အအုံ ၇ လုံး ပျက်စီးခဲ့သည်။

အောက်တိုဘာလ ၄ရက်နေ့တွင် ယမန်နှစ်များကတည်းကတိုက်ပွဲများမရှိသော နမ္မတူမြို့နယ်အတွင်းရှိ TNLA ထိန်းချုပ်ဒေသများဖြစ်သည့် မန်လီကျေးရွာနှင့် ပန်လုံကျေးရွာတို့ကိုစစ်ကောင်စီတပ်မှ လေကြောင်းမှဗုံးကြဲတိုက် ခိုက်ခဲ့သည်။ အဆိုပါဗုံးကြဲတိုက်ခိုက်မှုကြောင့် မန်လီကျေးရွာရှိနေအိမ် ၃လုံးပျက်စီးခဲ့သည်။

**ဩဂုတ်လ ၂၆ ရက်မှ အောက်တိုဘာ ၆ ရက်နေ့အထိ သီပေါမြို့နယ်တွင် စစ်ကောင်စီ၏ လက်နက်ကြီးပစ်ခတ်မှုနှင့် လေကြောင်း တိုက်ခိုက်မှုကြောင့် အရပ်သားများထိခိုက်သေဆုံးမှုများ**

| စဥ် | ရက်စွဲ | ကျေးရွာ၊ ရပ်ကွက် | ဖြစ်စဥ် | သေဆုံး | | ဒဏ်ရာရ | | ထိခိုက်ပျက်စီးမှု |
|---|---|---|---|---|---|---|---|---|
| | | | | အကြောင်းအရာ | ဦးရေ | အကြောင်းအရာ | ဦးရေ | |
| ၁ | ၂၆.၈.၂၀၂၄ | နားမခေါ် ကျေးရွာ | မနက် ၄း၃၀ တွင် စစ်ကောင်စီမှလေကြောင်းတိုက် ခိုက် | ကျား ၁ ၇နှစ် | ၁ | ကျား ၁ ၃၅ နှစ် | 1 ၁ | နေအိမ် ၂လုံး ပျက်စီး |
| ၂ | ၂၇.၈.၂၀၂၄ | အုတ်ကျင်း ရပ်၊တောင် | မနက် ၃ နာရီခန့် တွင် စစ်ကောင်စီမှ ပေါင် ၅၀၀ ဗုံးနှစ် လုံး ကြဲ | ကျား ၂ | ၂ | | | အိမ်ဆယ်လုံးနှင့် စာသင်ကျောင်း ၂ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | မြို့ရပ်၊ဈေးရပ်၊သီပေါမြို့ | | | | | | |
| ၃ | ၃၁.၈.၂၀၂၄ | ညောင်ကိုးပင်ကျေးရွာ | စစ်ကောင်စီ ခလရ ၂၃ မှ လက်နက်ကြီး ပစ်ခတ် | မ ၁ | ၁ | | | နေအိမ် ၁ လုံး |
| ၄ | ၁.၉.၂၀၂၄ | ကုန်းစုံ ကျေး ရွာ | စစ်ကောင်စီ ခလရ ၂၃ မှ လက်နက်ကြီးပစ်ခတ် | | | ကျား ၁ | ၁ | နေအိမ် ၂ လုံး |
| ၅ | ၂.၉.၂၀၂၄ | နားမခေါ် ကျေးရွာ | နမ့်လန်မြို့ ခမရ ၅၀၆ မှ လက်နက်ကြီးပစ်ခတ် | ကျား ၂ | ၂ | ကျား ၁ | ၁ | နေအိမ် ၁ လုံးပျက်စီး |
| ၆ | ၂.၉.၂၀၂၄ | ကျောင်းပြိန်းရွာ | စစ်ကောင်စီ ခလရ ၂၃ မှ လက်နက်ကြီး ပစ်ခတ် | | | ကျား ၁ | ၁ | |
| ၇ | ၅.၉.၂၀၂၄ | ကျောင်းပြိန်းကျေးရွာ | စစ်ကောင်စီ ခလရ ၂၃ မှ လက်နက်ကြီး ပစ်ခတ် | မ ၁ | ၁ | ကျား ၁ | ၁ | အိမ် ၂လုံး |
| ၈ | ၁၅.၉.၂၀၂၄ | တုံစင့် ကျေး ရွာ၊ ကျောင်းပြိန်းရွာ၊ဇာတ်စုရပ်ကွက်သီပေါ | မနက် ၉နာရီမှ ၁၁နာရီခွဲအထိ စစ်ကောင်စီမှ လေကြောင်းမှဗုံး ၁၅ လုံးကြဲ | | | | ၁ | နေအိမ် ၄လုံး ထိခိုက် |
| ၉ | ၁၆.၉.၂၀၂၄ | အနောက်ရပ်၊ဈေးရပ် ၊ ပန်းတိမ်းတောင်ရပ်၊ တုံ စင့်ရွာ၊သီပေါမြို့ | မနက် ၁၀ နာရီ ခွဲတွင် စစ်ကောင်စီမှလေကြောင်း တိုက်ခိုက် | မ ၂ | ၂ | မ ၃ | ၃ | နေအိမ် တလုံး ပြာကျ |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ၁၀ | ၁၇.၉.၂၀၂၄ | အုတ်ကျင်းရပ်ကွက်၊ ပန်းတိမ်တောင်ရပ်ကွက်၊သီပေါမြို့ | မနက် ၉-၁၀နာရီနှင့် ည ၇နာရီခွဲမှ ၉နာရီအထိ စစ်ကောင်စီမှလေကြောင်းတိုက်ခိုက် | | | မ ၁ | ၁ | အိမ် ၅လုံးနှင့် ရှေးဟောင်းဘုန်းကြီးကျောင်းတလုံးပျက်စီး |
| ၁၁ | ၁၉.၉.၂၀၂၄ | တုံစင့်ကျေးရွာ | မနက် ၈နာရီမှ မွန်းတည့်ချိန်အထိ စစ်ကောင်စီမှ ပေါင် ၅၀၀ ဗုံး ၂ လုံးအပါအဝင် ဗုံးအလုံး ၃၀ ကျော်ကြဲချ | | | | | နေအိမ် ၄လုံး ပျက်စီး |
| ၁၂ | ၂၃.၉.၂၀၂၄ | ရွာသစ် (ကျောင်းစုရွာ) | မနက် ၈နာရီတွင် စစ်ကောင်စီမှ တရုတ်ပိုက်လိုင်းအနီး လက်နက်ကြီး ၅လုံးပစ်ခတ် | | | မ ၁ | ၁ | အိမ် ၅လုံးပျက်စီး |
| ၁၃ | ၂၃.၉.၂၀၂၄ | နားလွယ်ကျေးရွာ | ညနေ ၃း၃၀ တွင် စစ်ကောင်စီမှ လေယာဉ် ၃စီး ဖြင့်ဗုံးအလုံး ၃၀ ကြဲ | မြေးအဖွား ၄ယောက် | ၄ | | ၃ | နေအိမ် ၁၀ လုံး ပျက်စီး |
| ၁၄ | ၂၄.၉.၂၀၂၄ | ကုန်းယန်းကျေးရွာ | စစ်ကောင်စီလေကြောင်းမှဗုံးကြဲ | | | | | ဘုန်းကြီးကျောင်းပြာကျ |
| ၁၅ | ၂၈.၉.၂၀၂၄ | ပန်စောက်မိန်းကျေးရွာ | စစ်ကောင်စီလေကြောင်းမှ မနက် ၃း၃၀တွင် ဗုံးကြဲ | | | | | အိမ် ၅လုံး |
| ၁၆ | ၂၈.၉.၂၀၂၄ | ဈေးရပ်ကွက် ဇာတ်စုရပ်ကွက် | ည ၈း၃၀တွင် စစ်ကောင်စီမှလေကြောင်းတိုက်ခိုက် | | | | ၆ | အိမ်၅လုံးပျက်စီး |
| ၁၇ | ၂၉.၉.၂၀၂၄ | မြန်မာရပ် | မနက်အစောပိုင်းတွင်စစ်ကောင်စီ | ကျား ၁ | ၁ | | | ဆိုင်ခန်း ၂ခန်း ခမ္မာရုံ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | | မှလေကြောင်းတိုက်ခိုက် | | | | | |
| ၁၈ | ၂၉.၉.၂၀၂၄ | ခါလိန်ကျေးရွာ | စစ်ကောင်စီလေကြောင်းမှ ညနေ cluster bomb ဖြင့်၃း၃၀တွင် ဗုံးကြဲ | မိသားစု မိဘနှင့်ကလေး | ၃ | | | အိမ် ၈လုံးပျက်စီး |
| ၁၉ | ၃၀.၉.၂၀၂၄ | တောင်မြို့ရပ်၊ ရွှေကျောင်းရပ်၊ ပန်းတိမ်မြောက်ရပ် | နေ့လည် ၁၂-၁ နာရီကြား စစ်ကောင်စီမှ cluster bomb လေကြောင်းတိုက်ခိုက် | | | ကျား ၁<br>မ ၁ | ၂ | အိမ် ၁၀လုံး ဆေးရုံအဆောက်အဦး ၁ ကျောင်းအဆောင် ၁ |
| ၂၀ | ၃.၁၀.၂၀၂၄ | နောက်ကပ်ကျေးရွာ | ညနေ ၃နာရီဝန်းကျင်တွင် စစ်ကောင်စီမှလေကြောင်းတိုက်ခိုက် | | | ကျား ၁ | ၁ | ဟော်တယ် အဆောက်အဦး |
| ၂၁ | ၅.၁၀.၂၀၂၄ | အနောက်ရပ်ဇာတ်စုရပ်တောင်မြို့ရပ် | ည ၉:၄၅ မိနစ်တွင်လေကြောင်းမှ ပေါင် ၅၀၀ ဗုံးကြဲ | ကျား ၁ ၅၁ နှစ် မီးလောင် | ၁ | မ ၁<br>ကျား ၆ | ၇ | အိမ် ၅ လုံး ဆိုင်ခန်း ၈ခန်း |
| ၂၂ | ၅.၁၀.၂၀၂၄ | လွယ်ကျိုင်း ရွာ သီပေါမြို့ | ည ၁၀း၃၀ တွင် လေကြောင်းမှဗုံးကြဲ | | | သားအမိ ၂ ဦး<br>မ ၂၃ နှစ်<br>ကလေး ၃ လ<br>ကျား ၁ | ၃ | အိမ် ၅လုံးပျက်စီး |
| | | | **ပေါင်း** | | **၁၈** | | **၃၃** | **အိမ် ၁၀၇လုံး၊ ကျောင်း ၃ကျောင်း၊ဘုန်းကြီးကျောင်း၃ ဆေးရုံ ၁ ဟော်တယ် ၁ ဆိုင်၈ဆိုင်** |

**ဩဂုတ်လ ၂၇/၂၉ ရက်နေ့ ကျောက်မဲမြို့နယ်တွင် စစ်ကောင်စီ၏ လက်နက်ကြီးပစ်ခတ်မှုနှင့် လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သားများ ထိခိုက်သေဆုံးမှုများ**

| စဥ် | ရက်စွဲ | ကျေးရွာ၊ ရပ်ကွက် | ဖြစ်စဥ် | သေဆုံး | | ဒဏ်ရာရ | | ထိခိုက်ပျက်စီးမှု |
|---|---|---|---|---|---|---|---|---|
| | | | | အကြောင်းအရာ | ဦးရေ | အကြောင်းအရာ | ဦးရေ | |
| ၁ | ၂၇.၈.၂၀၂၄ | ရပ်ကွက် ၉ ကျောက်မဲမြို့ | ညသန်းခေါင်တွင် စစ်ကောင်စီမှ ပေါင် ၅၀၀ ဗုံးနှစ်လုံးဖြင့် လေကြောင်းတိုက်ခိုက် | ကျား ၁ | ၁ | ကျား ၂ | ၂ | အထက (၂) နှင့် အိမ်တလုံး |
| ၂ | ၂၉.၈.၂၀၂၄ | ရပ်ကွက် ၁ ကျောက်မဲမြို့ | ည ၁၁:၃၀တွင် စစ်ကောင်စီမှလေကြောင်း တိုက်ခိုက် | | | | | နေအိမ် ၆လုံး ပျက်စီး |
| | | | **ပေါင်း** | | ၁ | | ၂ | **အိမ်(၇)လုံး၊ ကျောင်း (၁) ကျောင်း** |

**အောက်တိုဘာ ၄ ရက်နေ့ နမ္မတူမြို့နယ်တွင် စစ်ကောင်စီ၏ လက်နက်ကြီးပစ်ခတ်မှုနှင့် လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သားများထိခိုက်သေဆုံးမှုများ**

| စဥ် | ရက်စွဲ | ကျေးရွာ၊ ရပ်ကွက် | ဖြစ်စဥ် | သေဆုံး | | ဒဏ်ရာရ | | ထိခိုက်ပျက်စီးမှု |
|---|---|---|---|---|---|---|---|---|
| | | | | အကြောင်းအရာ | ဦးရေ | အကြောင်းအရာ | ဦးရေ | |
| ၁ | ၄.၁၀.၂၀၂၄ | မန်လီ ကျေးရွာ ပန်လုံ ကျေးရွာ | စစ်ကောင်စီလေကြောင်းမှဗုံးကြဲ | | | | | အိမ် ၃လုံးပျက်စီး |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ပေါင်း | | | | | အိမ် ၃ လုံး |


**နောင်ချိုမြို့နယ်အတွင်း စစ်ကောင်စီ၏ လက်နက်ကြီးပစ်ခတ်မှုနှင့် လေကြောင်းတိုက်ခိုက်မှုများ**

ဩဂုတ်လ ၂၈ ရက်မှ စက်တင်ဘာလ ၁၄ အတွင်း စစ်ကောင်စီတပ်သည် TNLA နှင့် PDF တပ်ဖွဲ့များ ဩဂုတ် လ လည်မှစတင်ကာ ထိုးစစ်ဆင်နေသော တောင်ခမ်းအခြေစိုက်စစ်ကောင်စီတပ်စခန်းများရှိရာ နောင်ချိုမြို့တောင် ဘက်ရှိကျေးရွာများကို လေကြောင်းတိုက်ခိုက်မှု ၅ ကြိမ်အထိပြုလုပ်ခဲ့သည်။ အဆိုပါ လေကြောင်းတိုက်ခိုက်မှု ကြောင့် အရပ်သား ၄ ဦးသေဆုံး၁၄ ဦးဒဏ်ရာရခဲ့ပြီးကာ သံဃာ ၈ပါး မှာ အင်းဖိုကျေးရွာဘုန်းကြီးကျောင်းကို လက် နက်ထိမှန်စဥ် ဒဏ်ရာရခဲ့ခြင်းဖြစ်သည်။

စစ်ကောင်စီတပ်သည် လက်ရှိတွင် တော်လှန်ရေးတပ်များထိန်းချုပ်ထားသော မြို့နှင့်အနီးအနားရှိကျေးရွာ များကို လည်း လေကြောင်းနှင့် လက်နက်ကြီးပစ်ခတ်မှုများကို ပြုလုပ်ခဲ့သည်။ စက်တင်ဘာလ ၁၄ ရက်နေ့တွင် စစ်ကောင် စီတပ်သည် နောင်ချိုမြို့ သပြေရေရပ်ကွက်နှင့် တောင်ရပ်ကွက် တို့ကို လေကြောင်းမှ ပေါင် ၅၀၀ ဗုံးဖြင့်တိုက် ခိုက်ခဲ့ရာ အရပ်သားတစ်ဦးဒဏ်ရာရခဲ့ပြီး နေအိမ် ၁၃ လုံးနှင့် ဘုန်းကြီးကျောင်းတစ်ကျောင်းပျက်စီးခဲ့သည်။စက် တင်ဘာလ ၁၈ နှင့် ၁၉ မနက်အစောပိုင်းတွင် စစ်ကောင်စီတပ်သည် နောင်ချိုမြို့ ဈေးရပ်ကွက် နှင့်ဘူတာရပ် ကွက် တို့ ကို လေကြောင်းမှဗုံး ၁၂ လုံးကြဲချ တိုက်ခိုက်ခဲ့ရာ နေအိမ် ၁၂ လုံးထိခိုက်ပျက်စီးခဲ့သည်။ စက်တင်ဘာလ ၂၁ ရက်နေ့ တွင် စစ်ကောင်စီလေတပ်သည် နောင်ချိုမြို့၏ အဓိကဈေးကိုလေကြောင်းမှ ဗုံး ၅လုံးကြဲချခဲ့ရာ နေအိမ်ငါး လုံးပျက်စီးပြီး အသက် ၅၀ အရွယ်အမျိုးသားတစ်ဦးဒဏ်ရာရခဲ့သည်။

နောင်ချိုမြို့ရှိတော်လှန်ရေးတပ်ဖွဲ့များထိန်းချုပ်ထားသောဒေသများရှိ အခြားတိုက်ခိုက်မှုများတွင် ဩဂုတ်လ၂၉ ရက်နေ့က အင်းပိုင်းကျေးရွာ ကိုလေကြောင်းတိုက်ခိုက်မှု လဲပါဝင်ပြီး စစ်ကောင်စီနှင့်ပတ်သက်သော ငွေရည်ပု လဲအုပ်စုပိုင် အမှတ် ၂ ဆင်းရွှေလီသကြားစက်ကိုထိခိုက်စေခဲ့သည်။ ထို့အတူ စက်တင်ဘာ ၁၇ ရက်နေ့က ဘန့် ဘွေးကျေးရွာမှ ကျောင်းကုန်းရွာသို့ စစ်ကောင်စီ၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် ၃ နှစ်အရွယ်ကလေးအပါအဝင် ၃ ဦး သေဆုံးခဲ့ပြီး စက်တင်ဘာ ၂၂ ရက်နေ့က သဖန်းကိုင်းကျေးရွာသို့လေကြောင်းတိုက်ခိုက်မှုတွင် နေအိမ် ၅ လုံးပျက်စီးခဲ့သည်။

၂၀၂၄ ဩဂုတ်လ(၂၉) ရက်မှ စက်တင်ဘာလ(၂၂) ရက်အထိ နောင်ချိုမြို့နယ်အတွင်း အရပ်သားများကို ထိခိုက်သေဆုံးစေခဲ့သောစစ်ကောင်စီ၏လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှု



**၂၀၂၄ ခုနှစ် ဩဂုတ်လ ၂၉ ရက်နေ့မှ စက်တင်ဘာ ၂၂ ရက် အတွင်း နောင်ချိုမြို့နယ်တွင် စစ်ကောင်စီ၏ လက်နက်ကြီးပစ်ခတ်မှုနှင့် လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သားများထိခိုက်သေဆုံးမှုများ**

| စဥ် | ရက်စွဲ | ကျေးရွာ/ ရပ်ကွက် | ဖြစ်စဥ် | အရပ်သားသေဆုံးမှု | | အရပ်သားထိခိုက်မှု | | ပြည်သူပိုင်အိုးအိမ်အဆောက်အအုံများ ပျက်ဆီးဆုံးရှုံးမှုများ |
|---|---|---|---|---|---|---|---|---|
| | | | | အချက်အလက် | ဦးရေ | အချက်အလက် | ဦးရေ | |
| ၁ | ၂၉/၈/၂၀၂၄ | လက်ပံကုန်း ကျေးရွာ | စစ်ကောင်စီလေကြောင်းတိုက်ခိုက်မှု | | ၃ | | | နေအိမ် ၂ လုံး ပျက်ဆီး |
| ၂ | ၂၉/၈/၂၀၂၄ | အင်းပိုင်း ကျေးရွာ | စစ်ကောင်စီလေကြောင်းတိုက်ခိုက်မှု (ညဘက်) | | | | | သကြားစက်ရုံ ၂ ရုံ ပျက်ဆီး |
| ၃ | ၄/၉/၂၀၂၄ | မဲဘုတ် ကျေးရွာ | စစ်ကောင်စီမှပေါင် ၅၀၀ ဗုံးသုံး၍ လေကြောင်းတိုက်ခိုက်မှု (ညနေဘက်) | | | | | ဘုန်းကြီးကျောင်း ၁ ကျောင်း၊<br>စာသင်ကျောင်း ၁ ကျောင်း ၊<br>နေအိမ် ၅ လုံးပျက်ဆီး |
| ၄ | ၄/၉/၂၀၂၄ | အင်းဖို ကျေးရွာ | စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှု (ညဘက်) | | | ကိုရင် ၈ ပါး အမျိုးသမီး ၁ ဦး | ၉ | ရွာဦးဘုန်းကြီးကျောင်း ဖျက်ဆီးခံရ |
| ၅ | ၆/၉/၂၀၂၄ | ရွှေမုဒ္ဓော ကျေးရွာ | စစ်ကောင်စီလေကြောင်းမှ ဗုံးနှစ်လုံး ကြဲချ | ယောက်ကျားလေး ၁ ဦး | ၁ | | ၅ | နေအိမ် ၅ လုံး ပျက်ဆီး |
| ၆ | ၁၃/၉/၂၀၂၄ | ပန်တီး ကျေးရွာ | စစ်ကောင်စီလေကြောင်းမှ ဗုံး၃လုံး | အမျိုးသမီး ၂ ဦး | ၂ | အမျိုးသမီး ၁ ဦး | ၁ | နေအိမ် ၃ လုံး ပျက်ဆီး |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ကြဲချ | | | | | |
| ၇ | ၁၄/၉/၂၀၂၄ | သပြေရေ ရပ်ကွက် နောင်ချို | စစ်ကောင်စီလေကြောင်းမှပေါင် ၅၀၀ ဗုံးနှစ်လုံး ကြဲချ | | | အမျိုးသမီး ၁ ဦး | ၁ | နေအိမ် ၁၀ လုံး ပျက်ဆီး |
| ၈ | ၁၄/၉/၂၀၂၄ | နောင်ချိုမြို့ ရွှေမုဋ္ဌောရွာ တောင်ရပ်ကွက် | စစ်ကောင်စီလေကြောင်းမှပေါင် ၅၀၀ ဗုံးနှစ်လုံး ကြဲချ | | | | | ဘုရားတစ်ဆူ ၊ နေအိမ် ၃ လုံး ပျက်ဆီး |
| ၉ | ၁၄/၉/၂၀၂၄ | ရွှေမုဋ္ဌောရွာ | ပေါင် ၅၀၀ ဗုံးဖြင့် စစ်ကောင်စီ၏လေကြောင်း တိုက်ခိုက်မှု | | | | | သီးနှံစိုက်ခင်းများ ၊ လယ်ယာ များ ပျက်ဆီး |
| ၁၀ | ၁၇/၉/၂၀၂၄ | ကျောင်းကုန်းရွာ | ဘန့်ဘွေးကျေးရွာရှိစစ်ကောင်စီ တပ်မှ လက်နက်ကြီးပစ်ခတ် | အမျိုးသား ၁ဦး၊ အမျိုးသမီး ၁ ဦး ၊ ၃ နှစ်အရွယ် ကလေး ၁ ဦး | ၃ | | | |
| ၁၁ | | ဈေးရပ်ကွက် နောင်ချို | စစ်ကောင်စီမှ မနက် ၃နာရီတွင် ဂျက်ဖိုက်တာဖြင့် ဗုံးနှစ်လုံးကြဲ | ၁၈.၉.၂၀၂၄ | | | | အိမ် ၂လုံး |
| ၁၂ | ၁၉.၉.၂၀၂၄ | ဘူတာရပ်၊ဈေးရပ် | | | | | | နေအိမ် ၁၀လုံးကျော်ပျက်စီး |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | နောင်ချို မြို့ | စစ်ကောင်စီမှ Y-12 လေယာဥ်ဖြင့် မနက် ၃နာရီတွင် ဗုံးကြဲ | | | | | |
| ၁၃ | ၂၁.၉.၂၀၂၄ | မြို့မဈေး နောင်ချို မြို့ | စစ်ကောင်စီမှ Y-12 လေယာဥ်ဖြင့် မနက် ၇နာရီတွင် ဗုံးကြဲ | | | ကျား ၁ ၅၀ နှစ် | ၁ | နေအိမ် ၅လုံးပျက် |
| ၁၄ | ၂၂.၉.၂၀၂၄ | သဖန်းကိုင်းရွာ | စစ်ကောင်စီမှမနက် ၁ နာရီ တွင်လေကြောင်းတိုက်ခိုက်ခဲ့ | | | | | ခေတ်ဆီဆိုင်အပါအဝင် နေအိမ် ၅လုံး |
| | | | **စုစုပေါင်း** | | **၉** | | **၁၇** | **နေအိမ် ၅၀ လုံး၊ ဘုန်းကြီးကျောင်း ၃ ကျောင်း ၊ စာသင်ကျောင်း ၁ကျောင်း ၊ သကြားစက်ရုံ ၂ ရုံ နှင့် သီးနှံ စိုက်ခင်းများ လယ်ယာများ ပျက်ဆီး ဆုံးရှုံး** |

**နမ့်ခမ်းမြို့နယ်အတွင်းစစ်ကောင်စီ၏လေကြောင်းတိုက်ခိုက်မှုများ.**

စက်တင်ဘာ ၆ ရက်၊ နံနက် ၁ နာရီ ၃၀ မိနစ်ခန့်တွင် ဒေသခံပြည်သူများ အိပ်ပျော်နေစဉ် စစ်ကောင်စီတပ်သည် လေ ကြောင်းမှ ပေါင် ၅၀၀ ဗုံးတစ်လုံးအား TNLA ထိန်းချုပ်နယ်မြေ ဖြစ်သည့် နမ့်ခမ်းမြို့တွင်းရှိ ဟိုကပ်(ဈေး)သို ကြဲခဲ့ပြီး စက်တင်ဘာ ၁၉ ရက် နံနက် ၁နရာရီ ၃၃မိနစ်တွင် နမ့်ခမ်းမြို့မဈေးအနီးရှိ ပေါက်နေ ရပ်ကွက်သို့ ပေါင် ၅၀၀ ဗုံးတစ်လုံး ထပ်မံကြဲခဲ့သည်။ ဗုံးပေါက်ကွဲမှုကြောင့် ဘုရားစေတီတစ်ခု အပါအဝင် အိမ်ခြေ ၇၀ ခန့် ပျက်စီးခဲ့ပြီး လူ ၁၃ ဦး သေဆုံးကာ ၁၃ဦး ဒဏ်ရာရရှိခဲ့သည်။ သေဆုံးသူများ အနက်တွင် အသက် ၇ နှစ်နှင့် ၁၂ နှစ်ကြား ကလေးနှစ်ဦးနှင့် အမျိုးသမီးငါးဦး (ကိုယ်ဝန်ဆောင်သူ တစ်ဦး) ပါဝင်ခဲ့သည်။ အချို့မှာ ချက်ချင်းသေဆုံး သွားကြပြီး


အချို့မှာ နမ့်ခမ်းဆေးရုံတွင် သေဆုံးသွားကြသည်။ သူတို့၏ ရုပ်အလောင်းများကို ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၇ ရက်တွင် နမ့်ခမ်းဆေးရုံ၌ မီးသဂြိုလ်ခဲ့သည်။



*နမ့်ခမ်းမြို့တွင် စစ်ကောင်စီလေတပ်မှပေါင် ၅၀၀ ဗုံးဖြင့်ပစ်ခတ်မှုကြောင့် ထိခိုက်မှုများ*

စစ်ကောင်စီတပ်သည် နမ့်ခမ်းမြို့ရှိ ပေါက်နေနှင့် ဈေးရပ်ကွက်များသို့ လေကြောင်း တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ ပြီးနောက် ဒေသခံများသည် ညဘက်တွင် သူတို့၏ နေအိမ်များတွင် မနေရဲကြတော့ပေ။ အချို့မှာ နမ့်မောင်(ရွှေလီ) မြစ် ကမ်းတစ်လျှောက်ရှိ ဘုန်းကြီးကျောင်းများတွင် တည်းခို နေထိုင်ခဲ့ကြသည်။

၂၀၂၄ စက်တင်ဘာလ(၆) ရက်နေ့တွင် နမ့်ခမ်းမြို့နယ်အတွင်း အရပ်သားများကို ထိခိုက်သေဆုံးစေခဲ့သော စစ်ကောင်စီ၏လေကြောင်းတိုက်ခိုက်မှု




**စက်တင်ဘာ ၆ ရက် အတွင်း နမ့်ခမ်းမြို့နယ်တွင် စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သားများထိခိုက်သေဆုံးမှုများ**

| စဥ် | ရပ်ကွက် | ကျေးရွာ/ ရပ်ကွက် | ဖြစ်စဥ် | အရပ်သားသေဆုံးမှု | | အရပ်သားထိခိုက်မှု | | ပြည်သူပိုင်အိုးအိမ် အဆောက်အအုံများ ပျက်ဆီးဆုံးရှုံးမှုများ |
|---|---|---|---|---|---|---|---|---|
| | | | | အချက်အလက် | ဦးရေ. | အချက်အလက် | ဦးရေ | |
| ၁ | ၆/၉/၂၀၂၄ | ပေါက်နေ ရပ်ကွက်၊ | ပေါင် ၅၀၀ ဗုံး ၂ လုံး ဖြင့် မနက် ၁း၃၀၊ ၁း၃၃ အချိန်တွင် စစ် | အမျိုးသား ၆ ဦး၊ အမျိုးသမီး ၅ | ၁၃ | | ၁၃ | ဘုန်းကြီးကျောင်း ၁ ကျောင်း အပါအဝင် အအောက်အဦး |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | ဟိုကပ်ရပ်ကွက် နမ့်ခမ်း | ကောင် စီမှ လေကြောင်း တိုက်ခိုက်မှု | ဦး၊ အသက် ၇ နှစ်နှင့် ၁၂ နှစ်အရွယ် ယောက်ကျား လေး ၂ ဦး | | | | အလုံး ၇၀ ဖျက်ဆီးခံရ |
| | | | **စုစုပေါင်း** | | **၁၃** | | **၁၃** | အနည်းဆုံးအအောက်အဦး အလုံး ၇၀ ဖျက်ဆီးခံရ |

**လားရှိုးမြို့နယ်အတွင်း စစ်ကောင်စီ၏လေကြောင်းတိုက်ခိုက်မှုများ**


စက်တင်ဘာလ ၈ရက်နေ့မှ အောက်တိုဘာလ ၆ ရက်နေ့အထိ စစ်ကောင်စီတပ်သည် မြန်မာအမျိုးသား ဒီမို ကရေစီမဟာမိတ်တပ်မတော် (MNDAA)တပ်ဖွဲ့မှ ဩဂုတ်လ ၃ရက်နေ့တွင်စတင်ထိန်းချုပ်ခဲ့သည့် လားရှိုးမြို့ လူနေရပ်ကွက်များကိုကြိမ်ဖန်များစွာ လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့သည်။ အလားတူစွာ စစ်ကောင်စီတပ်သည် လားရှိုး မြို့အပြင်ဘက်ရှိ MNDAA တပ်ဖွဲ့များထိန်းချုပ်ရာ ကျေးရွာများကိုလည်း လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီး ပစ်ခတ်မှုတို့ကိုလည်းပြုလုပ်နေသည်။ အဆိုပါတိုက်ခိုက်မှုများ ကြောင့် အရပ်သား ၁၀ ဦးသေဆုံးကာ ၅၆ ဦးဒဏ် ရာရခဲ့ပြီး ဟော်တယ် ၇လုံး၊ ဘုန်းကြီးကျောင်း ၂ကျောင်းနှင့် လားရှိုးနည်းပညာအထက်တန်းကျောင်း လားရှိုး ကွန်ပျူတာတက္ကသိုလ်၊နည်းပညာတက္ကသိုလ်အပါအဝင်အဆောက်အအုံ ၁၈၀ ကျော်ပျက်စီးခဲ့သည်။

စက်တင်ဘာ ၈ ရက် နံနက် ၄ နာရီခန့်တွင် စစ်ကောင်စီတပ်သည် လားရှိုးမြို ရပ်ကွက် ၁၂ ကို လေကြောင်းမှ ပေါင် ၅၀၀ ဗုံး ၂ လုံးကြဲခဲ့သည်။ ထိုလေကြောင်း တိုက်ခိုက်မှုကြောင့် ဟော်တယ်တလုံး အပါအဝင် အဆောက်အအုံ အလုံး၂၀ ပျက်စီးခဲ့သည်။ ကား ဆယ်စီးခန့်လည်း ဆုံးရှုးပျက်စီးခဲ့သည်။

အဆိုပါ လေကြောင်းတိုက်ခိုက်မှုသည် လွန်စွာ ပြင်းထန်လွန်းသဖြင့် ထိုတိုက်ခိုက်မှု၏ မီတာ ၁၀၀ အတွင်းရှိ နေအိမ် များအားလုံး တုန်ခါသွားခဲ့ပြီး ယခင် နှစ်ရက်ခန့်က နမ့်ခမ်းတွင် ဖြစ်ပေါ်ခဲ့သော လေကြောင်း တိုက်ခိုက်မှုကဲ့သို

သေဆုံးသူဦးရေ များပြားလာမည်ကို ဒေသခံများ ကြောက်ရွံ့နေကြသည်ဟု ရပ်ကွက် ၁၂မှ ဒေသခံတစ်ဦး ပြော ကြားခဲ့သည်။


**၂၀၂၄ စက်တင်ဘာလ (၈) ရက်မှ အောက်တိုဘာ(၆) ရက်အထိ လားရှိုးမြို့နယ်နှင့်မိုင်းရယ်မြို့နယ်အတွင်း အရပ်သားများကို ထိခိုက်သေဆုံးစေခဲ့သောစစ်ကောင်စီ၏လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှု**




စက်တင်ဘာ ၉ ရက်၊ နံနက် ၁၀ နာရီ ၃၀ မိနစ်ခန့်တွင် စစ်ကောင်စီတပ်မှ လားရှိုးမြို့ ရပ်ကွက် ၁ ကို လေကြောင်းမှ ဗုံး ၂ လုံး ကြဲခဲ့ပြီး တစ်လုံးမှာ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး (ယခု MNDAA ထိန်းချုပ်ထား)သို့ ကျခဲ့ပြီး ကျန်တစ်လုံးမှာ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် အနီးရှိ ဗျူဟာလမ်း အနီးသို့ ကျရောက်ခဲ့သည်။ ထို လေကြောင်းတိုက် ခိုက်မှုကြောင့် အုပ်ချုပ်ရေးမှူးရုံးအပါအဝင် နေအိမ်ငါးလုံး ပျက်စီးခဲ့ပြီး အုပ်ချုပ်ရေးမှူးတစ်ဦး သေဆုံးကာ အရပ်သား ၁၂ ဦး ဒဏ်ရာရရှိခဲ့သည်။ ကားနှစ်စီးခန့်လည်း ဆုံးရှုံးပျက်စီးခဲ့သည်။

MNDAA တပ်ဖွဲ့မှ စက်တင်ဘာလ ၁၈ ရက်နေ့တွင် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့်နိုင်ငံရေး၊ စစ်ရေးအရ မဟာမိတ်ပြုလုပ်မည်မဟုတ်ကြောင်းနှင့် ထိုးစစ်ဆင်တိုက် ခိုက်မှုများကိုချဲ့ထွင်သွားမည်မဟုတ်ဟူသော ထုတ်ပြန် ကြေညာချက်ထုတ်ပြန်ပြီး သုံးရက်မြောက်ဖြစ်သော စက်တင်ဘာလ ၂၁ ရက်နေ့တွင် စစ်ကောင်စီတပ်သည် လားရှိုးမြို့ ရပ်ကွက် ၁၂ နှင့် ရပ်ကွက် ၂ တို့ကိုလေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ပြီး ဟော်တယ်တစ်ခုနှင့် အိမ် ၈လုံး ပျက်စီးခဲ့သည်။

၂၀၂၄ စက်တင်ဘာလ(၈) ရက်မှအောက်တိုဘာလ (၆) ရက်အထိ လားရှိုးမြို့အတွင်း အရပ်သားများကို ထိခိုက်သေဆုံးစေခဲ့သော စစ်ကောင်စီ၏လေကြောင်းတိုက်ခိုက်မှု



၄ လုံး ကြဲချခဲ့ရာ အရပ်သား ၂ ဦးသေဆုံးကာ ၁၅ဦးဒဏ်ရာရ ပြီးနေအိမ် ၁ဝလုံး၊ဟိုတယ်နှင့် စားသောက်ဆိုင် ၂ခု တို့ပျက်စီးခဲ့သည်။

စက်တင်ဘာလ ၂၅ ရက်အစောပိုင်းတွင် စစ်ကောင်စီတပ်သည် MIG-29 နှင့် YAK-130 ဂျက်ဖိုက်တာများဖြင့် လားရှိုးမြို့ရပ်ကွက် ၁၂ ကိုတိုက်ခိုက်ခဲ့ရာ၊လားရှိုးနည်းပညာအထက်တန်းကျောင်း၊တပ်ဦးဘုန်းကြီးကျောင်းနှင့် နေအိမ် ၁ဝလုံးပျက်စီးခဲ့သည်။

စက်တင်ဘာလ ၂၇ တွင် လားရှိုးမြို့ရပ်ကွက် ၂ နှင့်ရပ်ကွက် ၃ တို့တွင် စစ်ကောင်စီဂျက်ဖိုက်တာ ၃စီးသည် ပေါင် ၅ဝဝ ဗုံး၊ ပေါင် ၂ဝဝ ဗုံးတို့ဖြင့် လေကြောင်းမှဗုံးကြဲချခဲ့ပြီး စက်သေနတ်များဖြင့်ပစ်ခတ်ခဲ့ရာ လားရှိုး မြို့မဈေး ကြီးရှိဈေးရုံတစ်ရုံပြာကျခဲ့ပြီး Green Park ဟော်တယ်အပါအဝင် အိမ် ၂ဝ လုံးပျက်စီးပြီး အရပ်သား ၁ ဦးသေဆုံးကာ ၆ ဦးဒဏ်ရာရခဲ့သည်။

စက်တင်ဘာလ ၂၈ ရက် ညစး၃၇ အချိန်တွင် စစ်ကောင်စီ ဂျက်ဖိုက်တာ ၃ စီးသည် လားရှိုးမြို့ ရပ်ကွက် ၈ ကို လေကြောင်းမှဗုံး ကြဲချခဲ့ကာ ကားဝပ်ရှော့တစ်ခုကိုမီးလောင်ပြာကျစေခဲ့ပြီး နေအိမ် ၁ဝ လုံးပျက်စီး ခဲ့သည်။ ထို့နောက်ည ၉နာရီတွင် စစ်ကောင်စီတပ်သည် လားရှိုးမြို့အစွန်ရှိ မယ်ဟန်ကျေးရွာကို ဂျက်ဖိုက်တာဖြင့် လေကြောင်း ဗုံးကြဲခဲ့ရာနေအိမ် ၅လုံးပျက်စီးခဲ့သည်။

စက်တင်ဘာလ ၃ဝ မနက် ၁၂း၃၄ အချိန်တွင် စစ်ကောင်စီလေတပ်သည် လားရှိုးမြို့ရပ်ကွက် ၁၁ အောင်စေတနာလမ်းကို ပေါင် ၅ဝဝ ဗုံး ၂လုံးလာရောက်ကြဲချခဲ့ရာ အမျိုးသမီး ၂ ဦးဒဏ်ရာရပြီး အိမ် ၅လုံးပျက်စီးခဲ့သည်။

ည ၉း၅၈ အချိန်တွင် စစ်ကောင်စီတပ်သည် လားရှိုးမြို့ရပ်ကွက် ၁၂ ကောင်းဆာကိုလေကြောင်းမှ ၃ကြိမ် ဗုံးကြဲခဲ့ရာ နေအိမ် ၅လုံး ပျက်စီးခဲ့သည်။စက်တင်ဘာလ ၃ဝ ရက်ည ၁ဝး၇အချိန်တွင် စစ်ကောင်စီတပ်သည် လားရှိုးမြို့ ရပ်ကွက် ၁၂ မန်နားကို လေကြောင်းမှ ပေါင် ၅ဝဝဗုံး ၄လုံးကြဲချခဲ့ရာ အိမ် ၃၃လုံးပျက်စီးခဲ့ပြီး အရပ်သား ၉ဦးဒဏ်ရာရခဲ့သည်။

အောက်တိုဘာလ ၄ မနက်အစောပိုင်းတွင် စစ်ကောင်စီလေတပ်သည် လားရှိုးမြို့ကို ဗုံးကြဲတိုက်ခိုက်မှု ၂ ကြိမ် ပြုလုပ်ခဲ့သည်။ တစ်ကြိမ်မှာ လားရှိုးမြို့ရပ်ကွက် ၅ ရှိ ရှေးဟောင်းတရုတ်ဘုန်းတော်ကြီးကျောင်းကို ထိခိုက်စေခဲ့ပြီး တစ်ကြိမ်မှာ လားရှိုးမြို့ ရပ်ကွက် ၈ ရှိ လူနေအိမ်များကိုထိခိုက်စေခဲ့သည်။




*လားရှိုးမြို့တွင် စစ်ကောင်စီလေကြောင်းတိုက်ခိုက်မှုကြောင့်ပျက်စီးသွားသော တရုတ်ဘုံကျောင်း*

အောက်တိုဘာလ ၅ ရက်မနက် ၁ဝ နာရီပန်းကျင်တွင် စစ်ကောင်စီလေတပ်သည် လားရှိုးမြို့စွန်မှ လွယ်လွမ့်ကျေးရွာရှိ ကွန်ပျူတာတက္ကသိုလ်ကို ဗုံး ၃ လုံးဟိုပိတ်ကျေးရွာရှိ နည်းပညာတက္ကသိုလ်ကို ၁ လုံး ဗုံးကြဲတိုက်ခိုက်ခဲ့ရာ ကျောင်းအဆောက်အအုံ များထိခိုက်ပျက်စီးခဲ့သည်။

အောက်တိုဘာ ၆ ရက် နေ့လည် ၁နာရီခွဲခန့်တွင် စစ်ကောင်စီတပ်သည် လားရှိုးမြို့ ရပ်ကွက် ၅ အထက်မန်အိုင်ကို လေကြောင်းမှဗုံး ၂လုံးကြဲချတိုက်ခိုက်ခဲ့ရာ နေအိမ် ၇ လုံးခန့် ပျက်စီးခဲ့ပြီး ပြည်သူတစ်ဦးဒဏ်ရာရရှိခဲ့သည်။

**၂၀၂၄ စက်တင်ဘာလ ၁၀ ရက်နေ့တွင် နမ့်မကျောက်မီးသွေးတွင်းမှာ  စစ်ကောင်စီမှလေကြောင်းဗုံးကြဲမှု**




စက်တင်ဘာ ၁၀ ရက်၊ နံနက် ၁ နာရီအချိန်ခန့်တွင် သီပေါမြို့ နမ္မကျေးရွာအုပ်စု အရှေ့မြောက်ဘက်စွန်းတွင် တည်ရှိသောနားနန်းကျေးရွာအနီးရှိ ကျောက်မီးသွေးတွင်းကို စစ်ကောင်စီတပ်မှ လေကြောင်းမှ တိုက်ခိုက်ခဲ့သည်။ အ

ဆိုပါ ဗုံး ကြဲမှုကြောင့် မြန်မာစစ်တပ်၏ ကာကွယ်ရေးပစ္စည်းစက်ရုံ ညွှန်ကြားမှုဦးစီးဌာနကိုယ်စား ၂၀၂၀ခုနှစ် က တည်းကအဆိုပါသတ္တုတွင်းကိုလုပ်ကိုင်နေသော မင်းရွှေလွှာကုမ္ပဏီ၏ အဆောက်အဦးနှစ်လုံးပျက်စီးခဲ့သည်။

မင်းရွှေလွှာသည် ၁၀၂၇စစ်ဆင်ရေး မတိုင်မီ နမ့်ပေါင်-သီပေါလမ်းတစ်လျှောက်ရှိ ခရောင်းဘိလပ်မြေနှင့် ဆင်းရွှေလီ (ငွေရည်ပုလဲ ပိုင်ဆိုင်သော) သကြားစက်ရုံများသို တစ်ရက်လျှင် ကျောက်မီးသွေး ကုန်တင်ယာဉ် အစီးရေ ၃၀ ခန့် သယ်ယူပို့ဆောင်ပေးနေခဲ့သည်။ ၁၀၂၇ စစ်ဆင်ရေး စတင်ပြီးနောက် တစ်ရက်လျှင် ကုန်တင်ယာဥ် ဆယ်စီး အထိ လျော့ချခဲ့ပြီး ဖွန်လတွင် MNDAA မှ နမ့်ပေါင်မြို့တစ်ဝိုက်ကို စတင်တိုက်ခိုက်သောအခါ ကျောက်မီး သွေး တူးဖော်ရေးလုပ်ငန်းများ ရပ်တန့်သွားခဲ့သည်။ ဇူလိုင်လ ၄ ရက်နေ့တွင် MNDAA မှ နမ့်ပေါင်တွင် စစ်ကောင်စီ တပ်စခန်းအား သိမ်းပိုက်ခဲ့ပြီး နမ့်မ ကျောက်မီးသွေးတူးဖော်ရေး ဧရိယာတစ်ခုလုံးအား သိမ်းပိုက်ခဲ့သည်။

စက်တင်ဘာ ၁၀ ရက်၊ နံနက် ၁ နာရီ ၂၀ ခန့်တွင် စစ်ကောင်စီလေတပ်မှ MNDAA ထိန်းချုပ်နယ်မြေ ဖြစ်သည့် လားရှိုးမြို့ အနောက်တောင်ဘက် ကီလိုမီတာ ၂၀ ခန့်အကွာရှိ မူဆယ်-မန္တလေး အမြန်လမ်းမကြီးပေါ်ရှိ နောင်မွန် ကျေး ရွာသို ဗုံးနှစ်လုံး ကြဲခဲ့သည်။ ထိုတိုက်ခိုက်မှုကြောင့် နေအိမ် ခုနစ်လုံး ပျက်စီး ဆုံးရှုံးခဲ့သည်။

စက်တင်ဘာ ၁၃ ရက်တွင် နမ့်ပေါင်ကျေးရွာသို စစ်ကောင်စီမှ လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့သောကြောင့် နေ အိမ် ၃ လုံးပျက်စီးခဲ့ပြီး အရပ်သားငါးဦးသေဆုံးကာ ရှစ်ဦးဒဏ်ရာရရှိခဲ့သည်။ စက်တင်ဘာလ ၂၂ ရက်နေ့တွင် တန့် ယန်း မြို့နယ် မန်ကတ်ကျေးရွာ အခြေစိုက် စစ်ကောင်စီတပ်မှ လက်နက်ကြီးပစ်ခတ်မှုများကြောင့် နမ့်ပေါင် ကျေး ရွာရှိ ပြည်သူ ၂ ဦးထိခိုက်ဒဏ်ရာရခဲ့ပြီး နေအိမ် ၅လုံးပျက်စီးခဲ့သည်။

| **၂၀၂၄ခုနှစ် စက်တင်ဘာ ၈ ရက်မှအောက်တိုဘာ ၆ ရက်နေ့အတွင်း လားရှိုးမြို့ကို စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုနှင့်ပစ်ခတ်မှုများ** | | | | | | | | |
|---|---|---|---|---|---|---|---|---|
| **စဉ်** | **ရက်စွဲ** | **ကျေးရွာ/ ရပ်ကွက်** | **ပစ်ခတ်တိုက်ခိုက် မှုများ** | **အရပ်သားသေဆုံးမှု** | | **အရပ်သားထိခိုက်မှု** | | **ပြည်သူပိုင်အိုးအိမ်အဆောက်အအုံများ ပျက်ဆီးဆုံးရှုံးမှုများ** |
| | | | | **အကြောင်းအရာ** | **ဦးရေ** | **အကြောင်းအရာ** | **ဦးရေ** | |
| ၁ | ၈/၉/၂၀၂၄ | ရပ်ကွက် ၁၂ လားရှိုး မြို့ | ပေါင် ၅၀၀ ဗုံး ၂ လုံး ဖြင့် စစ်ကောင် စီ၏လေကြောင်းတိုက်ခိုက်မှု | | | | | ဟိုတယ် ၁ လုံးအပါအဝင် နေအိမ် အလုံး ၂၀ ပျက်ဆီး |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၂ | ၉/၉/၂၀၂၄ | ရပ်ကွက်၁၊ လားရှိုးမြို့ | ည ၁၀း၃၀ နာရီ ဝန်း ကျင်တွင် စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုခံရ | အမျိုးသား ၁ ဦး | ၁ | | ၁၂ | နေအိမ် ၅ လုံး ပျက်ဆီး |
| ၃ | ၉/၉/၂၀၂၄ | ဗျူဟာလမ်း အရှေ့မြောက် တိုင်းစစ်ဌာနချုပ် ဟောင်းအနီး | ည ၁၂း၂၉ နာရီ ဝန်းကျင်တွင် စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုခံရ | | | | | ကား ၂ စီး ပျက်ဆီး |
| ၄ | ၁၀/၉/၂၀၂၄ | နားနန်း ကျေးရွာ | မနက် ၁း၀၀ နာရီ တွင်  စစ်ကောင်စီ၏လေကြောင်းတိုက်ခိုက်မှုခံရ | | | | | ကျောက်မီးသွေးလုပ်ငန်းပိုင် အဆောက်အဦး ၂ လုံး ပျက်ဆီး |
| ၅ | ၁၀/၉/၂၀၂၄ | နောင်မွန် ကျေးရွာ | မနက် ၁း၂၀ နာရီ တွင် စစ်ကောင်စီ၏လေကြောင်းတိုက်ခိုက်မှုခံရ | | | | | နေအိမ် ၇ လုံး ပျက်ဆီး |
| ၆ | ၁၃/၉/၂၀၂၄ | နမ့်ပေါင် ကျေးရွာ | ည ၇း၀၀ တွင် စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုခံရ | | ၅ | | ၈ | နေအိမ် ၃ လုံး ၊ ကား ၁ စီး ပျက်ဆီး |
| ၇ | ၂၁.၉.၂၀၂၄ | ရပ်ကွက် ၁၊ ၁၂ လားရှိုး မြို့ | မနက် ၁၀း၁၅ တွင် စစ်ကောင်စီ လေကြောင်းမှ ဗုံးနှစ်လုံးကြဲ | | | | | အိမ် ၈လုံး၊ မိုတယ်တစ်ခု |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၈ | ၂၂.၉.၂၀၂၄ | နမ့်ပေါင် ကျေးရွာ | နေ့ခင်း ၁း၄၅ တွင် စစ်ကောင်စီ မန်ကပ် စခန်းမှ လက်နက်ကြီး ၇လုံးပစ် | | | | ၂ | နေအိမ် ၅လုံး |
| ၉ | ၂၄.၉.၂၀၂၄ | ရပ်ကွက်၂၊ လားရှိုး | မနက် ၁း၁၅တွင် စစ်ကောင်စီလေကြောင်းမှ ပေါင် ၅၀၀ ဗုံးနှစ်လုံးကြဲချ | | ၁ | | ၉ | အိမ် ၅ လုံး၊ဟော်တယ်၂ ခု (ဖူလီလိုက်၊ ရထိုက်) |
| ၁၀ | ၂၄.၉.၂၀၂၄ | ရပ်ကွက်၂၊ လားရှိုး | စစ်ကောင်စီလေကြောင်းမှ မနက် ၄နာရီတွင် ပေါင် ၅၀၀ဗုံး ၂လုံးကြဲချ | | ၁ | | ၆ | အိမ်၅လုံး၊ စားသောက်ဆိုင် ၁၊ ဟော်တယ် ၁ Golden Hill) |
| ၁၁ | ၂၅.၉.၂၀၂၄ | ရပ်ကွက် ၁၂၊ လားရှိုးမြို့ | မနက်၂း၁၄-၂း၂၁ တွင် စစ်ကောင်စီမှဂျက်ဖိုက်တာ(MiG-29 & Yak-130) ဖြင့် ဗုံး ၃ ခါကြဲ | | | | | အိမ် ၁၀လုံး၊ နည်း ပညာအထက်တန်းကျောင်း၊ တပ်ဦးဘုန်းကြီးကျောင်း |
| ၁၂ | ၂၇.၉.၂၀၂၄ | ရပ်ကွက် ၁၂ လားရှိုးမြို့ | မနက်၃း၃၀-၃၀း၄၅ ခန့်တွင် စစ်ကောင်စီဂျက်ဖိုက်တာ ၃ စင်း မှ ပေါင် ၅၀၀၊ ပေါင် ၂၀၀ ဗုံးများနှင့် စက်သေ နတ်ဖြင့် ၁၅ ခါ ပစ်ခတ် | ကျား၁ မ ၁ | ၂ | | ၆ | အိမ် ၂၀ လုံး ဟော်တယ် ၁ လုံး (green Park) ဈေးရုံ ၁ |
| ၁၃ | ၂၈.၉.၂၀၂၄ | နောင်မွန် ကျေးရွာ၊ လားရှိုး | ည ၂နာရီခွဲတွင် စစ်ကောင်စီဂျက်ဖိုက်တာမှ ဗုံး ကြဲ | | | ကျား ၁ | | အိမ် ၉လုံး |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၁၄ | ၂၈.၉.၂၀၂၄ | ရပ်ကွက်၈၊ လားရှိုး | ည ၈း၃၇ တွင် တွင်စစ်ကောင် စီ မှဂျက်ဖိုက်တာ (Yak-130)၃စီး ဖြင့် ဗုံး ခါကြဲ | | | | | ကားဝပ်ရှော့တခု အိမ် ၁ဝလုံး ကား၁ဝစီး |
| ၁၅ | ၂၈.၉.၂၀၂၄ | မယ်ဟာန်ရွာ၊ လားရှိုး | ည ၈း၃၇ တွင် တွင် စစ်ကောင်စီ မှဂျက်ဖိုက်တာ(Yak-130) ဖြင့် ဗုံး ကြဲ | | | | | အိမ် ၅လုံး |
| ၁၆ | ၃ဝ.၉.၂၀၂၄ | ရပ်ကွက် ၁၁ | မနက် ၁၂း၃၄တွင် စစ်ကောင်စီလေ တပ်မှ ပေါင် ၅ဝဝ ဗုံး ၂လုံးကြဲချ တိုက်ခိုက် | | | ကျား ၁ | ၁ | အိမ် ၅လုံး |
| ၁၇ | ၃ဝ.၉.၂၀၂၄ | ကောင်းဆာ ရပ်ကွက် ၁၂ | ည ၉း၅၈ တွင် စစ်ကောင်စီလေ တပ်မှ ဗုံး ၃လုံးကြဲချ | | | | | အိမ် ၅လုံး |
| ၁၈ | ၃ဝ.၉.၂၀၂၄ | မန်နား ရပ်ကွက် ၁၂ | ည ၁ဝးဝ၇ တွင် စစ်ကောင်စီလေ တပ်မှ ပေါင် ၅ဝဝ ဗုံး ၄လုံးကြဲချ | | | | ၉ | အိမ် ၃၃လုံး |
| ၁၉ | ၄.၁ဝ.၂၀၂၄ | ရပ်ကွက် ၈၊လားရှိုး | မနက် ၂း၁၃ နှင့် ၄းဝ၃ မိနစ်တွင် စစ်ကောင်စီလေ ကြောင်းတိုက်ခိုက် | | | | ၁ | ဟော်တယ် ၁ အိမ် ၁ဝလုံး |
| ၂ဝ | ၄.၁ဝ.၂၀၂၄ | ရပ်ကွက် ၅၊လားရှိုး | မနက် ၅း၁၅နှင့် ၅း၂ဝတွင် စစ် ကောင်စီလေ ကြောင်းတိုက်ခိုက် | | | | | တရုတ်ဘုံ ကျောင်း ၁ အိမ် ၂လုံး |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၂၁ | ၅.၁၀.၂၀၂၄ | မယ်ဟန်ရွာ ဟိုပိတ်ရွာ | မနက် ၁၀နာရီ ဝန်းကျင်တွင် စစ်ကောင်စီမှလေကြောင်းတိုက်ခိုက် | | | | | ကွန်ပျူတာတက္ကသိုလ် လားရှိုး နည်းပညာတက္ကသိုလ် လားရှိုး အဆောက်အဦးအချို့ |
| ၂၂ | ၆.၁၀.၂၀၂၄ | ရပ်ကွက် ၅ အထက်မန်အိုင် | နေ့လည် ၁နာရီခွဲတွင် စစ်ကောင်စီမှလေကြောင်းတိုက်ခိုက် | | | | ၁ | အိမ် ၇လုံး |
| | | | **စုစုပေါင်း** | | ၁၀ | | ၅၆ | **နေအိမ် ၁၆၇လုံး ၊ ကား ၁၃ စီး၊ ဟိုတယ် ၇လုံး ၊ လုပ်ငန်းပိုင် အဆောက်အဦး ၂ လုံး၊ နည်းပညာအထက်တန်းကျောင်း၊ ဘုန်းကြီးကျောင်း ၂၊ကွန်ပျူတာတက္ကသိုလ်၊နည်းပညာတက္ကသိုလ် ပျက်ဆီး ဆုံးရှုံး** |

**မိုင်းရယ်မြို့တွင် စစ်ကောင်စီ၏ လက်နက်ကြီးပစ်ခတ်မှုနှင့်လေကြောင်းတိုက်ခိုက်မှုများ**

စက်တင်ဘာလ ၂၇၊မနက် ၁း၃၀ ဒေသခံပြည်သူများအိပ်ပျော်နေချိန်တွင် မိုင်းရယ်မြို့အနောက်မြောက်ဘက်မှ ၁၈ ကီလိုမီတာခန့်ကွာဝေးသော နမ့်တွန်းကျေးရွာကို စစ်ကောင်စီလေတပ်မှ ဗုံးကြဲချခဲ့သည်။ အလားတူ မိုင်းရယ် မြို့ အခြေစိုက် စစ်ကောင်စီတပ်မှ တိုက်ပွဲတစ်စုံတစ်ရာမရှိဘဲ MNDAA တပ်ဖွဲ့မှထိန်းချုပ်ထားသော ကျေးရွာဘက် သို့ လက်နက်ကြီး ၄လုံးပစ်ခတ်ခဲ့သည်။

အဆိုပါဗုံးကြဲတိုက်ခိုက်မှုနှင့်လက်နက်ကြီးပစ်ခတ်မှုများကြောင့် နေအိမ် ၂ လုံးပျက်စီးကာ၊ အသက် ၄နှစ်အရွယ် မိန်းကလေးတစ်ဦးအပါအဝင် ၄ဦးသေဆုံးပြီး ဘုန်းကြီးကျောင်းအတွင်းမှတိမ်းရှောင်ရန်ထွက်လာသော ကိုရင် ၇ပါးအပါအဝင် ၁၃ ဦးဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိသောလူနာများကိုမိုင်းရယ်ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး သေဆုံးသူ ၄ ဦးကိုနမ့်တွန်းကျေးရွာတွင် စက်တင်ဘာ ၂၇ ၌ သင်္ဂြိုလ်ခဲ့သည်။

နမ့်တွန်းကျေးရွာတွင် စစ်ကောင်စီ၏လေကြောင်းတိုက်ခိုက်မှုများအပြီး ရာနှင့်ချီသော နမ့်တွန်းကျေးရွာနှင့် အနီးအနား မှဒေသခံပြည်သူများသည် ၎င်းတို့၏ နေအိမ်များတွင်မနေရဲကျတော့ဘဲ အချို့မှာနီးစပ်ရာဘုန်း ကြီး ကျောင်းနှင့်လယ်တောများထဲတွင် တိမ်းရှောင်နေရသည်။

စက်တင်ဘာလ ၂၉ ရက်မနက်အစောပိုင်းတွင် မိုင်းရယ်မြို့မှ ၁၄ ကီလိုမီတာကွာဝေးသော ဟိုယကျေးရွာအုပ်စု ကောင်းမောင်ရွာကို စစ်ကောင်စီမှ လေကြောင်းဗုံးကြဲခဲ့ရာ နေအိမ် ၅လုံးပျက်စီးခဲ့သည်။အဆိုပါဒေသများတွင် MNDAA တပ်ဖွဲ့လဲလှုပ်ရှားနေသည်။

| **စက်တင်ဘာလ ၂၇ ရက်နေ့တွင် မိုင်းရယ်မြို့နယ်အတွင်း အရပ်သားများကိုထိခိုက်သေဆုံးစေသော စစ်ကောင်စီ၏ လေကြောင်း တိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှု** | | | | | | | | |
|---|---|---|---|---|---|---|---|---|
| **စဥ်** | **ရက်စွဲ** | **ကျေးရွာ၊ ရပ်ကွက်** | **အကြောင်းအရာ** | **အရပ်သားသေဆုံးမှု** | | **အရပ်သားဒဏ်ရာရမှု** | | **အရပ်သားအဆောက်အအုံ ပျက်စီးမှု** |
| | | | | **အချက်အလက်** | **ဦးရေ** | **အချက်အလက်** | **ဦးရေ** | |
| ၁ | ၂၇.၉.၂၀၂၄ | နမ့်တုံး ကျေးရွာ မိုင်းရယ်မြို့နယ် | မနက် ၁း၃၀ တွင် စစ်ကောင်စီ လေ ကြောင်း တိုက်ခိုက်၊ မိုင်းရယ်အခြေစိုက် စစ်ကောင်စီတပ်မှ | ကျား ၂ ၄၅ နှစ် ၁၈နှစ် မ ၂ ၄၅နှစ် ၄နှစ် | ၄ | သံဃာ ၇ပါးအပါအဝင် | ၁၃ | အိမ် ၂ လုံး |
| ၂ | ၂၉.၉.၂၀၂၄ | ကောင်း မောင်ရွာ ဟိုယအုပ်စု | ည ၈း၃၀ တွင် စစ်ကောင်စီလေ တပ်မှဗုံး၇ကြိမ် လာကြဲ | | | | ၅ | အိမ် ၄ လုံး |
| | | | **စုစုပေါင်း** | | ၄ | | ၁၈ | **အိမ် ၆ လုံး** |

## ဆက်သွယ်ရန်


စိုင်းဟော်ရှဲန် +66 94 728 6696 Signal (ရှမ်း, အင်္ဂလိပ်)

ယိင်းလျန်းဟန် +1 825 425 4099 Signal (မြန်မာ)